# မှားယွင်းစွာ ပြစ်ဒဏ်ပေးခံရခြင်းနှင့် နစ်နာဆုံးရှုံးမှု

ရေးသူ– လွင်အောင်စိုး

## တရားသူကြီးကမှားယွင်းစွာ ဆုံးဖြတ်စီရင်လျှင်

"မမှားသော ရှေ့နေ၊ မသေသောဆေးသမား" ဆိုသည့်မြန်မာ ဆိုရိုးစကားရှိသည်။ လူတိုင်းနီးပါးလောက်ပင်အမှားနှင့်မကင်းနိုင်။

တရားသူကြီး များကအမှုကိုဆုံးဖြတ်စီရင်ရာတွင် အကြောင်းအမျိုးမျိုးကြောင့်အမှားအယွင်းများ ရှိတတ်သည်။ ထိုသို့ မှားယွင်းမိပါက အပြစ်ပေးခံရသူတွင် အချိန် ကာလတစ်ခုတိုင်အောင်(သို့)အချို့ကိစ္စများတွင် တဘဝလုံးတိုင်အောင် နစ်နာဆုံးရှုံးမှု အနည်းနှင့်အများဖြစ်ရသည်။ တခါတရံတွင် ထိုသို့ မှားယွင်းစွာ အပြစ်ပေး ခံရသူအား မှီခိုနေရသော မိသားစုကပါဘေးထွက် နစ်နာဆုံးရှုံးမှုများကိုကြုံတွေ့ရသည်။

ဤသည်မှာ မလိုလားအပ်။ဖြစ်လည်း မဖြစ်သင့်။ သို့ဖြစ် နစ်နာဆုံးရှုံးသူတို့အား တရားမျှတသည့်ဘက်မှနေ၍ အတတ်နိုင်ဆုံး ကာကွယ်ပေးရန် လိုအပ်လာသည်။ တရားစီရင်ခြင်းကို အမှန်တရားဘက်မှ ရပ်တည်ကာ ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည်။

## စီရင်ချက်မှားသော်လည်း အယူခံဝင်ခွင့်ရှိ

အောက်ရုံးများက ပြစ်ဒဏ်ချမှတ်ခြင်းကို မှားယွင်းသည်ဟု ပြစ်ဒဏ်ချမှတ်ခံရသူက ယူဆလျှင် အထက်တရားရုံးသို့ တက်ကာ အယူခံဝင် နိုင်သည်၊ သေဒဏ်ကဲ့သို့သော ပြစ်ဒဏ်အတွက် နိုင်ငံ့ အကြီးအကဲထံ အသနားခံစာတင်၍ ပန်ကြားနိုင်သည်။ များသောအားဖြင့် သာမန်ပြည်သူတို့က ဤသို့ပင် သိထားကြသည်။

ဥပမာ မြို့နယ် တရားရုံးမှ မှားယွင်းစွာ ပြစ်ဒဏ်ချမှတ်သည်ဟု ယူဆလျှင် တိုင်း(သို့) ပြည်နယ်တရားရုံးသာမက ဗဟို တရားရုံးအထိပင် အဆင့်ဆင့် တက်၍ အယူခံဝင်နိုင်သည်။

အယူခံဝင်သည့် အတွက် မှားယွင်းသောစီရင်ချက်ကို အမှန်အတိုင်း ပြန်လည် ပြင်ဆင်ပေးနိုင်သဖြင့် မလိုအပ်သော နစ်နာဆုံးရှုံးမှုများကို ဖယ်ရှားနိုင်သောကြောင့် အလွန်ကောင်းမွန်၍ ရှိသင့်ရှိထိုက်သည်။

## အယူခံဝင်ရသည့်အတွက် မလိုလားအပ်သော ဆိုးကျိုးများ

သို့သော် ထိုသို့ အဆင့်ဆင့် အယူခံဝင်ရုံဖြင့် တရားစီရင်ရေး စနစ်မှာ ပိုမိုတိကျ မှန်ကန်မှုရှိနိုင်ပါမည်လားဟု စဉ်းစားစရာဖြစ်လာသည်။ သို့ ဖြစ်လျှင် အောက်ရုံးများက လက်လွတ်စပယ် မှားယွင်းစွာဆုံးဖြတ်နေသရွေ့ အထက်တရုံးများက ထိုအမှားမှန်သမျှကိုလိုက်လံပြင်ဆင်ပေးရမည်သာ ဖြစ်နေတော့သည်။

အပြစ်ရှိသည်ဟု စွပ်စွဲခံရသူအတွက် အချိန်၊ ငွေကြေးကို အလဟဿကုန်ဆုံးစေသည့်အပြင် စိတ်နှင့်ခန္ဓာကိုယ် ကျန်းမာရေးကိုလည်း အနည်းနှင့်အများ ထိခိုက်နိုင်စရာရှိသည်။ ထို့ပြင် ထိုအမှုကိစ္စအတွက် တရားရုံးဘက်မှကုန်ကျရသောငွေကြေးဆိုသည်မှာ နိုင်ငံတော်သို့ ပေး ဆောင်ထားသော

ပြည်သူတို့၏ အခွန်ငွေများ ဖြစ်နေသည့်အတွက် နိုင်ငံ့ဘဏ္ဍာကိုဖြုန်းတီးရာရောက်သည်။ နိုင်ငံအတွက် တန်ဖိုးရှိသော လုပ်အားများ ကိုလည်း အလဟဿပြုန်းတီးစေသည်။

## တရားရုံး ဆုံးဖြတ်စီရင်ခြင်းများ မှားယွင်းတတ်သည်ကိုပြန်လည်ပြုပြင်၍ ပိုမိုတိုးတက်ကောင်းမွန်လာအောင် လုပ်ပေးနိုင်

မှားယွင်းစွာ ဆုံးဖြတ်စီရင်ခြင်းမှာ သဘာဝဖြစ်သည်။ ရှောင်လွှဲ၍မရနိုင်။ဖုံးဖိဟန်ဆောင်၍ မဖြစ်နိုင်။လစ်လျူရှုထား၍လည်း မရ၊အကြောင်း အမျိုးမျိုးကြောင့်မှားယွင်းရခြင်းကို သေချာစေ့ငုစွာ ဆန်းစစ်ပြီးပြုပြင်နိုင်လျှင် အမှားများ ကင်းသထက်ကင်းလာမည်ဖြစ်သည်။

ဥပမာ–နိုင်ငံရေးစံနစ်ကြောင့်ဖြစ်လျှင် နိုင်ငံရေးစံနစ်ကိုပြုပြင်နိုင်ပါက တိုးတက်လာမည်။ ဆုံးဖြတ်စီရင်သူတရားသူကြီး(သို့)တရားသူကြီးအဖွဲ့ ၏အရည်အချင်းတို့ကြောင့်ဖြစ်လျှင် ထိုအရည်အချင်းများကို မြှင့်တင်ပေးနိုင်သည်။တရားသူကြီးများလာဘ်မစားနိုင်အောင်၊ ရာထူးတည်မြဲနေအောင်၊ လုံ ခြုံမှုရှိအောင် အဘက်ဘက်မှ စီစဉ်ပေးနိုင်သည်။ အကောင်းဆုံးမှာ လွှပ်လပ်သော တရားစီရင်ရေးစံနစ်ကို ဖန်တီးထားခြင်း ဖြစ်သည်။ ထိုအခါ တရားစီ ရင်ရေးစနစ်မှာ မတိုးတက်ပဲမနေ၊ မုချ တိုးတက်လာရမည်သာဖြစ်သည်။

တရားရေးစနစ်ကို အုပ်ချုပ်ရေးအာဏာပိုင်တို့က လွှမ်းမိုးချုပ်ကိုင်ထားလျှင် ဘက်လိုက်မှုများရှိလာမည်။ ယင်းကို ဖယ်ရှားပစ်၍ အပြန်အလှန် ထိန်းညှိမှု (Check and Balance)ကို ကျင့်သုံးနိုင်လျှင် တရားမျှတစွာ ဆုံးဖြတ်စီရင်နိုင်မည်သာဖြစ်သည်။

## ပြုပြင်ပြောင်းလဲမှုတွင် နောက်ထပ် အရေးပါသောအချက်

တရားရုံးဆုံးဖြတ်စီရင်ခြင်းများ မှားယွင်းသည်ကို တိုးတက်ကောင်းမွန်လာအောင် မည်သို့ပင် စီမံဆောင်ရွက်စေကာမူ ဆုံးဖြတ်စီရင်သူ(တို့)၏ အမြင့်ဆုံးအသိဉာဏ်ဖြင့် မဆုံးဖြတ်နိုင်သော အခြေအနေ အချိန်ကာလတစ်ခုခုကို ကြုံတွေ့နိုင်သည်။ မည်သို့သော အခြေအနေ–အချိန်အခါမျိုးဖြစ်သည်ကိုကြိုတင်တွက်ဆ၍မရနိုင်။ အချို့ကစ္စများတွင် တစ်ပြေးညီသော တရားရေးစနစ် မရှိလျှင် ဒေသ ကွာခြားမှုအလိုက် ဆုံးဖြတ်စီရင်ခြင်းမှာ ပြောင်းလဲ(သို့) မှားယွင်းနိုင်သည်။

အစဉ်သဖြင့် ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မလွှဲမရှောင်သာ ဆက်စပ်နေရသော နိုင်ငံအဖို့ပြည်တွင်း၌ ကျင့်သုံး နေသောစီရင်ထုံးများကို ပုံသေကိုးကား၍ မရနိုင်။လိုအပ်သော ဥပဒေသစ်များ ထုတ်ပြန်ရမည်ဖြစ်ရာ ယင်းသည် တရားစီရင်ရေးစနစ်အပေါ် အကျိုးသက် ရောက်ရမည် ဖြစ်သည်။

ဥပမာ–လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ မြေမြုပ်–ရေမြုပ်မိုင်းများထောင်ခြင်း၊လူမျိုးပြုန်းတီးစေခြင်း (Genocide)အစရှိသည်တို့၌

လက်ရှိတည်ဆဲဥပဒေ၊စီရင်ထုံးများနှင့် မလုံလောက်ပါက ဆုံးဖြတ်စီရင်မိလျှင် ခံရသူတို့အတွက် နစ်နာဆုံးရံှုးရမည်သာမက နိုင်ငံ့သိက္ခာ ကျဆင်းသည်အထိ ဆိုးကျိုးများဖြစ်လာနိုင်သည်။

မလိုလားအပ်သော ဆိုးကျိုးများကို အမြော်အမြင်ရှိရှိ ဖယ်ရှားပစ်နိုင်ရန် တရားစီရင်ရေး စနစ်ကို အစကတည်းကပင်တိကျမှန်ကန်နေအောင်၊ တရားမျှတမှု ရှိနေအောင်၊ ခေတ်–စနစ်နှင့်အညီနိုင်ငံတကာနှင့်တန်းတူလိုက်နိုင်အောင် စီမံထားရှိရမည်ဖြစ်သည်။ အရေးပါဆုံး လိုအပ်ချက်မှာ လွှပ်လပ် သောတရားစီရင်ရေးစနစ်ကို အာမခံချက်အပြည့်အဝဖြင့် ကျင့်သုံးနိုင်ဖို့ ဖြစ်သည်။

ဤသည်မှာ နိုင်ငံကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်သည့်(Good Govermance)၏ အခိက(၃)ပိုင်းမှတပိုင်းသာ ဖြစ်သည်။

**အယူခံဝင်နိုင်ဖို့ မရှိမဖြစ် လိုအပ်**

အမှားအယွင်းများက ဆက်လက် ရှိနေဦးမည်မှာ မလွှဲမရှောင်နိုင် ဖြစ်သောကြောင့် မလိုလားအပ်ပဲ နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အယူခံ ဝင်နိုင်သည့် ရပိုင်ခွင့်များ ရှိကိုရှိနေရမည် ဖြစ်သည်။ မည်သို့သော အခြေအနေ– အချိန်အခါနှင့် မည်သည့်အရပ်ဒေသဖြစ်စေကာမူ အယူခံခွင့် ရှိခြင်းက မရှိခြင်းထက် ပိုကောင်းသည် ဆိုသောအချက်ကို အခိုင်အမာလက်ကိုင်ထား ကျင့်သုံး နေရပေလိမ့်မည်။

**နစ်နာဆုံးရှုံးသည် ဆိုခြင်းမှာ**

နစ်–နာ–ဆုံး–ရှုံးမှု ဆိုသည်မှာ လူတစ်ဦးချင်းတွင်သာ ရှိတတ်သည်မဟုတ်ပဲ မိသားစု၊ဆွေမျိုး၊ လူမျိုးနှင့် နေထိုင်ရာ ပတ်ဝန်းကျင်၊ ဒေသ၊နိုင်ငံတို့တွင်လည်းရှိနေတတ်သည်။လူနှင့်ပတ်သက်လျှင် မတရားအုပ်ချုပ်တတ်သော နိုင်ငံရေးစနစ်အောက်တွင် ပြည်သူတို့သည် ဆင်းရဲနိမ့်ကျ သော ဘဝများ၌ နစ်မွန်းနေရခြင်း၊ ထိခိုက်နာကျင်စွာ ဝေဒနာ ခံစားနေရခြင်း၊ မျှော်လင့်ချက်များ ဆုံးနေခြင်း၊ လူဖြစ်ရှုံးခြင်းများကို တိတိကျကျဆိုလိုသည်။

နိုင်ငံအတိုင်းအတာဖြင့် နစ်နာဆုံးရှုံး ခြင်းများလည်း ရှိသည်။ထိုနိုင်ငံသည် ဆင်းရဲဒုက္ခ၊ ရောဂါနှင့်ကပ်ဘေး စသည်တို့တွင်နစ်မွန်းနေရခြင်း၊ နိုင်ငံတကာ အလယ် အဖက်မတန် ဆက်ဆံခံရ သဖြင့် အထိနာရခြင်း၊ တိုးတက်ကောင်းမွန်အောင် လုပ်နိုင်မည့် မျှော်လင့်ချက်တို့ ဆုံးပါးခြင်းနှင့် ထိုအခွင့်အရေးများ ဆုံးရှုံးခြင်းများ မလိုအပ်ပဲ မဖြစ်စေရအောင် နိုင်ငံကို ချစ်မြတ်နိုးသူများ၊ ကယ်တင်နိုင်စွမ်းရှိသူများက အလေးအနက်ထားရန် လိုအပ်သည်။

**မတရားသည့်တရားရေးစနစ်မျိုး**

အချို့သော တရားစီရင်ရေးစနစ်များတွင် အယူခံဝင်ခြင်းကို ခွင့်မပြုနိုင်ပဲ ရှိနေသည် ဤအချက်မှာ အာဏာရှင်ဆန်လွန်းသောကိစ္စဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှု

ကင်းမဲ့သောလုပ်ရပ်လည်းဖြစ်သည်။ အယူခံ ဝင်ပိုင်ခွင့်မရှိ ဟု မည်သို့ပင် အကြောင်းပြချက်ပေးပေး၊ ယင်းသည် လူ့လောကအသိုင်းအဝိုင်းတွင် ခိုင်လုံသောအထောက်အထား မဟုတ်။ လူ့လောကကောင်းကျိုးကို မဖြစ်သောကိစ္စ ဖြစ်သည်။

ဥပမာ–စစ်အုပ်ချုပ်ရေး ဥပဒေဖြင့် အုပ်ချုပ်နေသောကာလတွင် အချို့နိုင်ငံများ၌ အထူးတရားရုံးဖြင့် တရားစီရင်ကာစီရင်ချက်ချမှတ်သည်၊ အယူခံဝင်ခွင့်ပင် မပေးပဲ တစ်ဆက်တည်း ပြစ်ဒဏ် ကျခံစေသည်။တဖန် အမှု သုံး–လေး–ငါး မှုအတွက် ပြစ်ဒဏ်ချမှတ်ရာ၌ အများဆုံးကျခံရမည့် အမှု တစ်ခုတည်း၏ပြစ်ဒဏ်အစား အမှုအားလုံးမှ ပြစ်ဒဏ်အားလုံးကို စုကာ တစ်ပေါင်းတစ်စည်း ကျခံစေသည်။အာမခံပေးလောက်သည့်အမှုဖြစ်စေကာမူ အာမခံမရ၊အချို့ အမှုများ၌ စွပ်စွဲခံရသူသည် ရှေ့နေငှားခွင့်မရ။ အစိုးရရှေ့နေပင် လိုက်ခွင့်မရ။ အချို့အမှုများ၌ အသက်(၁၈)နှစ်အောက် အရွယ် မရောက်သေးသည့်ကလေးများအား ပြစ်မှုဆိုင်ရာ ခုံရုံးတင်၍စစ်ဆေးစီရင်သည်။ အချို့ အမှုများကိုအများပြည်သူတို့၏ရှေ့မှောက်တွင် မစစ်ဆေးပဲ တံခါးပိတ် စီရင်ချက်ချသည်။ အချို့အမှုများတွင်စွပ်စွဲခံရသူ၏ မျက်ကွယ်၌ စီရင်ချက်ချခြင်းမျိုးပင်ရှိသည်။

မှတ်ချက်၊ ၊အကြမ်းအားဖြင့်သာ ရေးသားဖော်ပြခြင်း ဖြစ်သည်။ တရားရေးစနစ်၊ တရားဥပဒေစိုးမိုးမှုအကြောင်းများကို စာဖတ်သူတတို့ ဆက်လက် လေ့လာအားထုတ်ရန် အကြံပေးအပ်ပါသည်။

လွင်အောင်စိုး(၁၇–၁၁–၂၀၀၈)